NOVEL AUTHOR TEAM

ဘာသာပြန် စာရေးဆရာ - Sun flower

# အုံ့မှိုင်းယဉ်နဝင်းရုပ်ပြင် 

(လုကျိုး)

(Chapter 1 - 15)

စာစဉ် - ၁

# အပိုင်း ၁
# အလုပ်ခြောက်ခုကို တစ်ပြိုင်နက်တည်း လုပ်ခြင်း

၂၀၁၄ ကျင်းလင်မြို့ တရုတ်ပြည်

ဇွန်လရဲ့ ပူပြင်းလှသော နေရောင်ကြောင့် နိုင်လွန်ကတ္တရာခင်း လမ်းတွေမှ ရေစက်တွေပင် အချိန်တိုင်း ရေငွေ့ပြန်ကာ မြေပြင်ကပါ ပူပြင်းနေတော့သည် ။ လုကျိုးက လူသွားလူလာများ သော လမ်းတွင် ရပ်နေကာ ကားဟွန်းသံတွေကို နားထောင်ပြီး ပျားပန်းခပ်မျှ သွားလာနေတဲ့ လူတွေကို ကြည့်ရှုနေခဲ့သည် ။ သူကယ်လီဖုန်း စီးပွားရေးခန်းမ ရှေ့တွင် မတ်တတ်ရပ်နေရင်း လမ်းသွယ်တွေကို စိုက်ကြည့်နေခြင်း ဖြစ်သည် ။ သူ့ကျောပြင်ကို လေအေးတွေ တိုက်ခတ် လာပေမဲ့လည်း ထိုလေအေးတွေကြောင့် ဇိမ်ယူမိချင်သည့် စိတ်ကို သူ့ရဲ့ ထူထဲသည့် ဝတ်စုံက ကာကွယ် တားဆီးပေးသည် ။

တစ်စုံတစ်ယောက်က သေချာပေါက် မေးလာလိမ့်မယ် သူဘာလို့ ဒီမှာ ရပ်နေတာလဲ ...

သေချာတာပေ့ါ သူ့ ရှင်သန် လွတ်မြောက်ဖို့ ပေ့ါ။

ကောင်းပြီး ရှင်းပြကြစို့ တယ်လီဖုန်း စီးပွားရေးခန်းမက (Vivo)ဖုန်းတွေနဲ့ အကျိုးတူ ပူးပေါင်းပြီး နွေရာသီ ပိတ်ရက်အတွင်း ရောင်းအားကောင်းအောင် ကြော်ငြာ အစီအစဉ်တွေ ထည့်သွင်းပေးခဲ့သည် ။ အိမ်

မွေး တိရစ္ဆာန် ဝတ်စုံဝတ်ပြီး အရှေ့ဘက် တံခါးနားတွင် ထွက်ရပ်နေမည် ဆိုပါက တစ်နာရီလျှင် ယွမ်(၆၀)ပေးသည် ။ ထိုလစာက သူ့လိုမျိုး အလုပ်ကြိုးစားတဲ့ သူအတွက်တော့ နှစ်ဆရမည်မှာ ပြောဖို့ ပင် မလိုပါချေ။ လူတွေက သူ့ကို မျက်စိလှည့်ကြည့်ကာ ထွက်သွားတဲ့ ဒဏ်ကိုတော့ ထည့်ပြောဖို့ မလိုပါ။ ဒ့ါအပြင် အပြင်ဘက် အပူရှိန်က (၃၀)ဒီဂရီ ရှိနေသည့်မို့ သူက အပိုဆုကြေး အနေနဲ့ တစ်နာရီကို (၇၀)ယွမ်ထပ်ရသည် ။

လစာအကြောင်း ကြားလိုက်တာနဲ့ လုကျိုးတုံ့ဆိုင်း မနေတော့ပဲ ချက်ချင်းပင် ထိုအလုပ်ကို လက်ခံလိုက်သည် ။ ယေဘုယျကျကျ စဉ်းစားမယ်ဆိုရင် သူက တစ်ရက်ကို ငါးနာရီ အလုပ်လုပ်သည် ။

ဒီတော့ တစ်ရက်ကို (၃၅၀)ယွမ်ရ၏

သူက တစ်လကို ရက်သုံးဆယ် အလုပ်လုပ်ခဲ့ရင် ယွမ်၁၀၅၀၀ရမည်ဖြစ်သည် ။ တယ်လီဖုန်း စီးပွားရေး ခန်းမရှေ့တွင် ထိုကဲ့သို့ အလုပ်ခြောက်မျိုးလောက် လုပ်မှ ရသည့်လစားမျိုး ရလိမ့်မယ်လို့ မည်သူကမှ တွေးထင်မိလိမ့်မည် မဟုတ်ပေ။ လုကျိုးသည် ချမ်းသာပြီး အောင်မြင်မှုအများကြီး ရရှိထားတဲ့ (Huawei)ကုမ္ပဏီတောင်မှ နေ့တိုင်း ရောင်းအားတိုးဖို့ အတွက် စျေးလျှော့ရောင်းတာမျိုး မလုပ်ဘူးဆိုတာကို သူသိသည် ။ ဒီတော့(Vivo) ကုမ္ပဏီအနေနဲ့ ဆို ပြောဖို့ ပင် မလိုပါချေ

သို့ရာတွင် သူတစ်ပတ်လောက် အလုပ် လုပ်နိုင်ရင်တောင်မှ (၂၆၀၀)ယွမ်ရမည် မဟုတ်လား ...

လုကျိုး အရမ်းပျင်းလာတဲ့ အခါ ပါရဖိုးပင်က သစ်ရွက်တွေကို ရေတွက်သည် ။ နောက် ခပ်ဝေဝေ ရှိကာ အသားမည်းတဲ့ လူတစ်ယောက်က သူ့နဖူးက ချွေးတွေကို သုတ်ရင်း သူ့ဆီလျှောက်တာကို ကြည့်နေလိုက်သည် ။ ထိုလူရဲ့ နာမည်က ဝူတဟိုင် ဖြစ်သည် ။ ဝူတဟိုင်ကလည်း လု

ကျိုးလိုမျိုး ကျင်းလင်တက္ကသိုလ်တွင် သင်္ချာမေဂျာ အထူးပြုယူထားသူ ဖြစ်သည်။ သို့ရာတွင် ဂူတဟိုင်က လုကျိုးထက် နှစ်နှစ်ကြီးသည်။ ဂူသဟိုင်သည် လက်ရှိတွင် တတိယနှစ်သို့ ရောက်ရှိကာ နောက်လ အနည်းငယ် ဆိုလျှင်ဖြင့် နောက်ဆုံးနှစ်ကို တက်ရောက်ရတော့မည် ဖြစ်သည်။

သူက အခုလိုမျိုး အချိန်ပိုင်း အလုပ်လုပ်သည့် ကျောင်းသူ ကျောင်းသားတွေ အားလုံးကို ထိန်းချုပ်ရသည့် မန်နေဂျာဖြစ်ကာ သူကိုယ်တိုင်ကသာ လုကျိုးကို ဒီလိုမျိုး တိရစ္ဆာန်ဝတ်စုံ ဝတ်ရင်း အလုပ်လုပ်ရသည့် နေရာကို မိတ်ဆက်ပေးခဲ့ခြင်း ဖြစ်သည်။

"လုကျိုး မင်းအဆင်ပြေရဲ့ လား မင်းနေရာမှာ အစားထိုးဖို့ တစ်ယောက်ယောက် ရှာလိုက်ရင်ရော ဘယ်လိုလဲ မင်း တယ်လီဖုန်း စီးပွားရေး ခန်းမထဲမှာ ဝင်ပြီး နားလို့ ရတယ်လေ"ဂူတဟိုင်က ပြောသည်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာအရ သူက ကြောက်စရာ ကောင်းလွန်းတဲ့ အပူဒဏ်ကို ခံနိုင်တဲ့ သူမျိုး မဟုတ်ပေ သူ့ရဲ့ တစ်ကိုယ်လုံးက ချွေးတို့ ဖြင့် ရွှဲနှစ်နေသည် မှာ တစ်စုံတစ်ယောက်က သူ့အား ရေအိုင်ထဲက ဆွဲတင်မပေးခဲ့ ရသည့် အလားပါပေ။

သူက လုကျိုးကို အနားယူစေချင်တယ် ဆိုပေမဲ့လည်း လုကျိုး ခေါင်းခါရင်း ပြောလိုက်သည်။

"ကျွန်တော် အဆင်ပြေပါတယ် ကျွန်တော် ဒီမှာ နည်းနည်း နေနိုင်ပါသေးတယ်"

"ငါမေးတာက မင်းအဆင်ပြေလား မပြေဘူးလား ဆိုတာကိုလေ မင်းဒီမှာ ရပ်နေရတာ တစ်နေ့ခင်းလုံး ဖြစ်နေပြီ"ဂူတဟိုင်က စိုးရိမ်တဲ့ အမူအရာနဲ့ ပြောသည်။ သူက သူ့ရှေ့က ကောင်လေး အပူရှပ်သွားမှာကို အတော်လေး စိုးရိမ်နေပုံရသည်။

"ကျွန်တော် အဆင်ပြေပါတယ် ရိုးရိုးသားသား ပြောရရင် ကျွန်တော့်ကို စိုးရိမ်ဖို့ မလိုပါဘူးခင်ဗျာ"

လုကျိုးက ပြောလိုက်သည် ။ နောက်သူ ခေါင်းခါရင်း ဆက်ပြောလိုက်ပြန်၏။

"ကျွန်တော် နောက်တစ်နာရီလောက်ဆို ပြီးပါပြီ ဒီမှာ ရပ်နေတာလဲ တော်တော်ကြာပြီ ဆိုတော့ နောက်ထပ် တစ်နာရီလောက် ထပ်နေလိုက်လို့ လဲ ကိစ္စမရှိပါဘူး အစ်ကို သဘောတူလား"

ဂူတဟိုင်လည်း လုကျိုးကိုကြည့်ကာ တုံ့ဆိုင်းနေပြီးမှ သာ ဆက်ပြောတော့သည် ။

"ကောင်းပြီးလေ ဒါဆိုလည်း မင်းကို စိတ်မပူတော့ဘူး"

"ဟုတ်ကဲ့ အခုသွားပြီးတော့ အကို့ အလုပ်တွေ လုပ်ပါတော့နော်"

ဂူတဟိုင်က လုကျိုး ဆန္ဒပြင်းပြနေတာကို မြင်တော့ သူထက်ပြီးတော့ မပြောတော့ပါချေ။ အမှန်တိုင်း ပြောရရင်တော့ ဂူတဟိုင် အရမ်းကံကောင်းတယ်လို့ ခံစားနေရတာ ဖြစ်သည် ။ မည်သို့ပင်ဆိုစေ လက်ရှိ ပူပြင်းလှတဲ့ နွေအပူရှိန်နဲ့ သာ ဆိုရင် အခုလိုနေရာမှာ အလုပ်လုပ်မယ့် လူတစ်ယောက်ကို ရှာဖွေရမှာ အလွန်ခက်သည် ။ အချိန်ပိုင်း အလုပ်လုပ်တဲ့ သူတွေ များ ပြားတယ် ဆိုပေမဲ့လည်း လုကျိုးလောက် အလုပ်ကြိုးစားတဲ့ သူကတော့ နည်းသည် ။

တစ်နည်းဆိုရသော် ဂူတဟိုင် အနေနဲ့ ကလည်း တိရစ္ဆာန်ဝတ်စုံကို ဝတ်ပြီး အလုပ်လုပ်ဖို့ ရာက မဖြစ်နိုင်ပါပေ။

ထိုဝတုတ်ကောင်လေး အဝေးကို လျှောက်သွားတာမြင်တော့ လုကျိုး ပြန်လှည့်လိုက်ကာ တယ်လီဖုန်း စီးပွားရေးခန်းမ အပြင်ဘက်

တွင် ရှိသည့် ပါရာဇိုး အပင်ကိုသာ စိုက်ကြည့်နေ လိုက်တော့သည် ။ ရုတ်တရက် သူရှေ့ကမြင်ကွင်းက ဆန်းကြယ်လာတာကို လုကျိုး ခံစားလိုက်ရသည် ။

ဘာလို့ လမ်းပေါ်က လူတွေက ကောင်းကင်ပေါ် ပျံတက်နေကြတာလဲ ...

သူ့ခြေထောက်တွေ အားနည်းလာကာ သူ့ခန္ဓာကိုယ် တစ်ခုလုံး မြေပြင်ပေါ်လဲကျ သွားတော့သည် ။ သူ့တွင် ကျန်ရှိနေတဲ့ နောက်ဆုံးသော အသိစိတ်အရ သူ့ဆီ အပြေးလာနေတဲ့ ခြေသံတွေကို ကြားလိုက်ရသလို တယ်လီဖုန်း စီးပွားရေး ခန်းမထဲက ထွက်လာတဲ့ အော်ဟစ်သံတွေကိုလည်း ကြားနေရပေသည် ။

"တံခါးရှေ့က လာဘ်ကောင်လေးတော့ အပူရှပ်သွားပြီ ထင်တယ်"

"မြန်မြန်သူ့ကို ဦးထုပ် ဆောင်းပေးပြီးတော့ ရေနည်းနည်း ယူပေးလိုက်"

"သေစမ်း လုကျိုး မင်းအဆင်ပြေရဲ့ လား ပြောပါဦး"

"ပြန်မပြောဘူးဟေ့ မကောင်းတော့ဘူး မြန်မြန် သူ့ကို ဆေးရုံပို့ကြတော့"

"ငါ့ ကားကို ယူသုံး"

"... ."နောက်ဆုံးသော အလင်းရောင်လေးက သူမြင်ကွင်းမှ ပျောက်ကွယ် သွားပြီးသည့်နောက် လုကျိုး အမှောင်ထုထဲ ဆွဲယူခံလိုက် ရတော့သည် ။

လုကျိုးက ကျင်းလင် တက္ကသိုလ်ရဲ့ ပထမနှစ် ကျောင်းသားလေး တစ်ယောက်ဖြစ်သည် ။ သူက နောက်လ အနည်းငယ်လောက် ဆိုရင်ဖြင့်

ဒုတိယနှစ်ကို တက်ရောက်တော့မှာ ဖြစ်သည် ။ အစပိုင်းတွင် သူက ဆော့ဝဲလ် အင်ဂျင်နီယာ လုပ်ချင်ခဲ့ပေမဲ့ သူ့ရဲ့ ရမှတ်က ဝင်ခွင့်အမှတ်မီဖို့ အနည်းငယ် လိုနေခဲ့သည် ။ နောက်ဆုံးတော့ သူက သိပ်မကျော်ကြားတဲ့ သင်္ချာဌာနကိုသာ သွားခဲ့ရသည် ။

တစ်ခါတစ်ရံတွင် လုကျိုး သူ့ကိုယ်သူ မနေနိုင်ပဲ မေးမိသည် ။ သူ ဒီကြောက်မက်ဖွယ် ကောင်းလွန်းတဲ့ မေဂျာမှာ လေးနှစ်လုံး တကယ်ပဲ သင်ကြားမှာ လားလို့ ပေါ့ ...

သို့သော် အဖြေမရခဲ့ပါချေ။

သင်္ချာမေဂျာတွင် လမ်းကြောင်း နှစ်ခုရှိသည် ။ တစ်ခုကတော့ ပညာသင်နှစ် အဆုံးထိအောင် သင်ကြားခြင်းဖြစ်ပြီး (နိုင်ငံခြားကို ပညာတော်သင် သွားခြင်း သို့မဟုတ် ဘွဲ့ရတဲ့ အထိ သင်ကြားခြင်း၊) သို့မဟုတ် အခြားနေရာသို့ ကူးပြောင်းခြင်းဖြစ်သည် ။

တက္ကသိုလ်တွင် အလုပ်လုပ်နိုင် ပေမဲ့လည်း ဘွဲ့ရတဲ့ ကျောင်းသူကျောင်းသား တစ်ယောက်အနေနဲ့ ဆရာဆရာမတွေနဲ့ နီးကပ်ဖို့ ကလည်း လိုနေပြန်သည် ။ သို့ရာတွင် အလုပ်လုပ်ချင်တဲ့ သူတစ်ယောက် အနေနဲ့ အလုပ်ကို ရှူးရှူးသွပ် လုပ်တတ်ဖို့ လည်း လိုပြန်သည် ။ ပြောရမယ် ဆိုရင်တော့ မာစတာ ဘွဲ့လွန်တန်းကို တက်နိုင်တဲ့ သူအတွက်က ပိုကောင်းပေ၏။ သို့ရာတွင် လုကျိုးအတွက် ထိုမာစတာဘွဲ့လွန်ဆိုတာက သိပ်တော့ မသက်ဆိုင် သလိုပါပင်။

လုကျိုးရဲ့ မိသားစုက ကျန်းလင်မြို့တွင် တည်ရှိသည် ။ ထိုကျန်းလင်မြို့က ကျင်းလင်မြို့နဲ့ အသံထွက်ခြင်း ဆင်သယောင် ရှိပေမဲ့လည်း မိုင်ပေါင်းများ စွာ ဝေး၏။ သူ့ရဲ့ အလယ်အလတ် တန်းစား အဖေက ကျန်းလင်မြို့၏ သတ္တုစက်ရုံတွင် အလုပ်လုပ်သည် ။ သူ့ရဲ့ ဖျားနာနေတဲ့ အ

မေကတော့ အိမ်တွင် အငြိမ်းစားနေကာ ကျန်းမာရေးကုသဖို့ အတွက် ပိုက်ဆံတော်တော်များများ သုံးနေရပေသည် ။ သူ့ရဲ့ တစ်မိသားစုလုံးက သူ့အဖေရဲ့ ဝင်ငွေပေါ် မှီခိုနေရခြင်း ဖြစ်သည် ။ သူ့ရဲ့ ညီမငယ်လေးက အထက်တန်း ရောက်နေပြီဖြစ်ကာ သူမ တက္ကသိုလ် တက်နိုင်ဖို့ အတွက်လည်း အသုံးစရိတ်က အတော်ပင် ပေးအပ်ရဦးမည် ဖြစ်သည် ။

သူ့အဖေကတော့ လုကျိုးကို ပိုက်ဆံအကြောင်း စိတ်မပူစေချင်ပေ။ အဲဒီအစား လုကျိုးကို သူ့ရဲ့ ပညာရေးမှာ သာ အာရုံစိုက်စေချင်ပြီး ဒေါက်တာဘွဲ့အထိ ရစေချင်နေသည် ။ သို့ရာတွင် လုကျိုး ကိုယ်တိုင် ရှင်းရှင်းလင်းလင်း သိတာကတော့ သူထိုအဆင့်ထိ ရောက်နိုင်မည် မဟုတ်မှန်းကိုသာ … .

သူက ဒီအဖွဲ့အစည်းထဲကို ခြေတစ်ဖက်ချ လှမ်းခဲ့ပြီးသည့်မို့ ဖြစ်နိုင်တာကို တွေးတော ဆင်ခြင်ရမဲ့ အချိန်ရောက်နေခဲ့ပြီ။ တိတိကျကျ တွေးတောရမယ် ဆိုရင် ပိုက်ဆံ ပြဿနာကို အရင် ဖြေရှင်းဖို့ လို၏။ သူက မိသားစုကနေ လက်ဖြန့်တောင်းပြီး သူ့ညီမငယ်ရဲ့ အနာဂါတ်အတွက် ဝန်ပိစေတဲ့ အလုပ်မျိုး မလုပ်ချင်တော့ပေ။ ဒါကြောင့် သူတက္ကသိုလ်ကို စဝင်ကတည်းက စီးပွားရေးအရ မမှီခိုရတဲ့ သူ ဖြစ်ချင်နေခဲ့သည် ။ အခြားလူငယ်တွေက ကလပ်တွေမှာ သီချင်းဆိုရင်း အောင်ပွဲခံနေကြစဉ် အချို့သူတွေက စာကြည့်တိုက်မှာ ပညာသင်ကြားချိန်မှာ သူကတော့ လက်ကမ်းစာစောင်တွေ ဝေနေသလို၊ သူ့ရဲ့ ကိုယ်ပိုင် လမ်းကြောင်းဖောက်ဖို့ အတွက် ပစ္စည်းတွေ လိုက်ပို့သည့် အလုပ်ကိုသာ လုပ်ကိုင်နေခဲ့သည် ။

တစ်ခါတစ်ရံ သူ့ကိုယ်သူ ပြန်ပြန်မေးသည် တက္ကသိုလ်ဘဝက အမှတ်တွေက ဘာလုပ်လို့ ရလဲ … .

သူ့လက်ရှိလုပ်နေတဲ့ အလုပ်ဆိုရင် ဘာစွမ်းရည်မှ မလိုသလို အထ

က်တန်း ကျောင်းသားတွေတောင်မှ လုပ်နိုင်သည် ။ အထက်တန်း ကျောင်းသားတွေ ဆိုရင် ပိုကောင်းအောင်တောင် လုပ်နိုင်သေးသည် ။ အနည်းဆုံးတော့ သူတို့ တွေက သူ့လိုမျိုး အဲယားကွန်းရှိတဲ့ အခန်းရဲ့ အပြင်ဘက်မှာ ရပ်နေပြီး အပူဒဏ်ကို ခံနေရတာမျိုး မရှိနိုင်တော့ဘူး ပေါ့ ...

ဟုတ်တယ် ဒါက သန်ျာမေဂျာရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်ဆိုတဲ့ မေးခွန်းအတိုင်းပဲ။

ဒီမေးခွန်းလိုပဲ အဖြေမရှိဘူး ... .

ထိုအခိုက်သူ လဲကျသွားခဲ့ခြင်း ဖြစ်သည် ။ လုကျိုး နောက်ဆုံးတွင် အသိပြန်ဝင်လာသည့် အခါ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း ကြက်သေသေ သွားရသည် ။

ဒါဘယ်နေရာလဲ ...

ဘယ်သူမှ သူ့ကို ပြန်မဖြေပေ။

သူ့ရဲ့ မှတ်ဉာဏ်တွေက ဝေဝါးနေတဲ့ အချိန်တွင် တယ်လီဖုန်း စီးပွားရေးခန်းမ အပြင်ဘက်တွင် ဖြစ်ပျက်ခဲ့တဲ့ အဖြစ်တွေကို သူမနည်း မှတ်မိအောင် ကြိုးစားနေရသည် ။ လူအချို့က သူ့ကို ကားပေါ် သယ်ဆောင်ပြီးနောက် ဆေးရုံသို့ပို့တာကို သူသတိရလိုက်မိ၏။

ဒါပေမဲ့ ဒီနေရာက ဆေးရုံနဲ့ လည်း မတူပါလား ဘာလို့ အစစ်အမှန်ဘဝမှာ ဖြစ်ပျက်နေတယ်လို့ သူမခံစားမိရတာလဲ ...

လက်ရှိ အခြေအနေအတွက် လုကျိုး စိတ်ရှုပ်နေတဲ့ အချိန်တွင် တစ်ဝက်ဖောက်ထွင်း မြင်ရသည့် ဖန်သားပြင်တစ်ခုက သူ့ရှေ့တွင် ပေါ်ထွက်လာခဲ့သည် ။ လုကျိုး လန့်ပြီးနောက်သို့ ခုန်ဆုတ်လိုက်မိ၏။

အဆင့်မြင့် နည်းပညာစနစ်

ဘာကြီးလဲ What The Hell?

လုကျိုး သူ့ရှေ့တွင် တွဲလောင်းပေါ်နေတဲ့ တစ်ဝက်ဖောက်ထွင်း မြင်နေရတဲ့ ဖန်သားပြင်တွင် အနက်ရောင် စာလုံးတွေနဲ့ ရေးသားထားတဲ့ စာတန်းတွေကိုကြည့်ရင်း အံ့အားသင့် နေရသည် ။

သူချက်ချင်းပဲ စိတ်လှုပ်ရှားလာ၏။ ဖြစ်နိုင်တာက သူဒဏ္ဍာရီထဲက စနစ်တစ်ခုခုရဲ့ ရွေးချယ် ထားတာကိုများ ခံလိုက်ရတာလား

သူက ဒီလိုမျိုး စနစ်တွေနဲ့ ချိတ်ဆက်မိတဲ့ ဝတ္ထု တော်တော်များများကို အွန်လိုင်းက ဖတ်ခဲ့ဖူးသည် ။

တံတွေး မျိုချရင်း လုကျိုး မေးလိုက်၏။

"စနစ် မင်းကဘာတွေ လုပ်နိုင်လဲ"

လျှို့ဝှက် ဆန်းကြယ်တဲ့ အသံတစ်ခုခုကများ သူ့ကို ပြန်ဖြေလာမလားလို့ မျှော်လင့်မိပေမဲ့လည်း ထိုသို့ မဖြစ်လာပါချေ။ အဲဒီအစား ဖောက်ထွင်းမြင်နေရသည့် သုံးဖက်မြင် ဖန်သားပြင်တွင် စာတန်းအချို့ ပေါ်လာခဲ့သည် ။

(အဆင့်မြင့် နည်းပညာစနစ်)

ဒီစနစ်က အသုံးပြုသူရဲ့ ပညာရေးအဆင့်ကို လိုက်ပြီးတိုးမြှင့်ခြင်း ပြုလုပ်ပေးပါတယ်။ စနစ်ရဲ့ လျှို့ဝှက် ဆန်းကြယ်တဲ့ ကိစ္စတွေကိုတော့ ကျေးဇူးပြုပြီး သင့်ဘာသာ ရှာဖွေရပါမယ်။ စနစ်ရဲ့ လုပ်ဆောင်မှုတွေနဲ့ ပတ်သက်ပြီး အသုံးပြုသူကို အသေးစိတ် အချက်အလက်တွေ ပေးအပ်သွားမှာ ဖြစ်ပါတယ်။ စနစ်ရဲ့ အဓိက လုပ်ဆောင်နိုင်မှုတွေ ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

သိပ္ပံအမြုတေ ... နည်းပညာသစ်ပင်ရဲ့ ပင်စည်က သီအိုရီတွေရဲ့ ဆုံချက်ဖြစ်သည် ။ အဆင့်(၁၀)ဟာ အကန့်အသတ် ဖြစ်၏။ အတွေ့အကြုံ အမှတ်တွေကို တာဝန်တွေ လုပ်ဆောင်ရင်း ရှာဖွေနိုင်သလို အထွေထွေ အမှတ်တွေကိုတော့ ပြန်ရလိမ့်မည် မဟုတ်ပေ။ နည်းပညာ သစ်ပင်ကြီး ပြီးပြည့်စုံ သွားတဲ့ အခါ ခေတ်သစ် အခွင့်အရေးတွေကို ဖွင့်လှစ်ပေးမှာ ဖြစ်ပြီး ကြီးမားတဲ့ စက်မှုလုပ်ငန်း တာဝန်တွေကို လုပ်ဆောင်ရမည်။

A. သင်္ချာ ... ဘာသာရပ်တိုင်းရဲ့ အခြေခံကိုဖြစ်ကာ သင်္ချာ ပါဝင်တဲ့ အခြားသိပ္ပံ ဘာသာရပ်တွေရဲ့ အကန့်အသတ် အဆင့်လိုက် ဆုံးဖြတ်သည် ။

B. ရူပဗေဒ ... စကြဝဠာကြီး အကြောင်း နားလည်အောင် ကူညီပေးနိုင်သည် ။

C. ဇီဝဗေဒ ... သင့်ခန္ဓာအကြောင်း နားလည်အောင် ကူညီပေးနိုင်သည် ။

D. အင်ဂျင်နီယာပညာ ... ပစ္စည်း ကိရိယာတွေကို ပြောင်းလဲ တပ်ဆင်သည့် နေရာများ ၊ ပစ္စည်းများ နှင့် ပတ်ဝန်းကျင်နဲ့ လောကကြီး အကြောင်းကို သင်ကြားပေးသည် ။

E. ရုပ်ဝတ္ထုသိပ္ပံ ... ရုပ်ဝတ္ထု ပစ္စည်းတွေနှင့် အင်ဂျင်နီယာ ပညာရပ်က ခွဲခြားလို့ မရနိုင်ပေ။

F. စွမ်းအင်သိပ္ပံ ... ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာတွေမှ ဟီလီယမ်-၃ နီတီယံ ဘက်ထရီမှ အားသွင်းပုံစံခြင်း(အသုံးပြုပုံစံချင်း) မတူသည့် ဘက်ထရီအဖြစ်၊ ကြိုးမဲ့ဆက်သွယ်ရေးမှ အလွန်ဝေးကွာသော နေရာတွေအထိ ဆက်သွယ် ပေးနိုင်သောလေဆာ ဆက်သွယ်ရေး အဖြစ်၊ အသက်တွေ ဘဝတွေမ စွမ်းအင်တွေကို အသုံးများ သည် မို့ လေထုညစ်ည

မ်းမှုတို့ ဖြစ်ပေါ်နေကြောင်း စသည် တို့ ဖြစ်သည် ။

စွမ်းအင်တွေရဲ့ တိုးတက်မှု အခြေအနေက ကြယ်ပင်လယ်တွေလိုမျိုး ဝေးကွာလျက် ရှိနေသေးသည် ။

G. အချက်အလက် နည်းပညာ ... မျိုးရိုးဗီဇတွေကို စီစဉ်တဲ့ အခန်းကဏ္ဍဟာ နတ်ဘုရား တစ်ပါးရဲ့ အချက်အလက်တွေကို စီစဉ်သလိုမျိုး ဖြစ်သည် ။ အဆုံးစွန်သော ဝေးကွာလှသည့် အချက်အလက်တွေကို စီစဉ်သည့် ပန်းတိုင်ကတော့ နတ်ဘုရားတစ်ပါးကို ဖန်တီးဖို့ သာ ဖြစ်သည် ။

နည်းပညာ အကိုင်းအခက်(နည်းပညာ ကိုင်းခွဲ) ... နည်းပညာ အကိုင်းအခက် ဆိုတာက နည်းပညာသစ်ပင်ရဲ့ အကိုင်းအခက်တွေ ဖြစ်သည် ။ နည်းပညာ အကိုင်းတစ်ကိုင်းကို ဖွင့်လှစ်ပြီးသည့်နောက် အတွေ့အကြုံ အမှတ်တွေနဲ့ သာ အဆင့်တက်ဖို့ အသုံးပြုနိုင်သည် ။

အတွေ့အကြုံ အမှတ်တစ်မှတ်ကို အထွေထွေ အမှတ်တစ်မှတ် အဖြစ် လဲလှယ်နိုင်သည် ဥပမာ ... မျိုးရိုးပညာ အဆင့်တစ် ရောက်ဖို့ အတွက် ဇီဝဗေဒပညာ အဆင့်တစ်ဖြစ်ဖို့ လိုအပ်သည် ။ သို့ပေမဲ့ မျိုးရိုးပညာ အဆင့်တစ်ကို အထွေအထွေ အမှတ်တစ်ရာနဲ့ လဲလှယ်နိုင်သေးသည် ။ (၀/၁၀၀၀)

မျိုးရိုးပညာ အဆင့်နှစ်ကို ဆိုရင်တော့ ဇီဝဗေဒပညာ အဆင့်နှစ်ကို လိုအပ်သည် ။ အင်ဂျင်နီယာ စက်မှုပညာ အဆင့်တစ်ကိုလည်း အသုံးပြုနိုင်သေးသည် ။ သို့သော် လဲလှယ်မယ်ဆိုရင် အဆင့်တစ်နဲ့ ပဲ လဲလှယ်နိုင်ပေသည် ။ ဒါ့အပြင် အတွေ့အကြုံအမှတ် တစ်ထောင်နဲ့ လည်း လဲလှယ်နိုင်သေး၏။

သင့်အနေနဲ့ မျိုးရိုးပညာ အဆင့်တစ်မှ အဆင့်နှစ်ထိသာ သွားနိုင်သ

ည် ။

စက်မှုလက်မှု ပညာရပ် အသေးစိတ် စီမံချက် ... ခေါင်းစဉ်နာမည်အတိုင်း ဖြစ်သည် ။ စက်မှုလက်မှု ပညာရဲ့ အသေးစိတ် စီမံချက်တွေကို နားလည်လွယ်အောင် သင်ကြားပြသမည် ဖြစ်၏။ ထိုထဲတွင် အသေးစား လုပ်ဆောင်ချက်လေးတွေက ထောင်ပေါင်း၊ သောင်းပေါင်း၊ သိန်းပေါင်းများ စွာ ပါဝင် နိုင်သလို ကြီးမားတဲ့ လုပ်ဆောင်ချက်ကြီးတွေလည်း ပါဝင်နိုင်ပေသည် ။ လိုအပ်တဲ့ ပစ္စည်းတွေကို ထုတ်ဖော်နိုင်သည့်အခါ အသေးစိတ် စီမံချက်အတိုင်း အသေးစိတ် တည်ဆောက်ပုံရဲ့ ဖော်ပြချက်အတိုင်း တည်ဆောက် ထုတ်လုပ်ပေးရမည် ဖြစ်သည် ။

အထွေထွေအမှတ် ... လုပ်ငန်းမှ ရရှိသည့် ဆုလာဘ်အနေဖြင့် အသက်သွင်းပြီး အသုံးပြုနိုင်သည် ။ သို့မဟုတ် ကြိုရာကျပန်း အထွေထွေလုပ်ငန်း ဆောင်တာတွေထဲက တစ်ခုအဖြစ် အမှတ်နှစ်ရာကို အသုံးပြုပြီး အသက်သွင်း နိုင်ပေသည် ။ စက်မှုလက်မှု ပညာမှာ မဖြေရှင်းနိုင်သည့် ပြဿနာများကိုလည်း ဖြေရှင်းဖို့ အတွက် အသုံးချနိုင်သေးသည် ။ ပြဿနာတွေကို ဖြေရှင်းသည့် တန်ကြေးမှာ ထိုဘာသာရပ်ရဲ့ အဆင့်ပေါ်မူတည်သည် ။ စက်မှုလက်မှု ပညာရဲ့ ခက်ခဲမှု အဆင့်သို့ ထိုပုဒ်စာတွေကို ဖြေရှင်းသည့် ခက်ခဲမှုပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားမှာ ဖြစ်သည် ။

လုပ်ငန်းများ ... ကြိုရာကျပန်း လုပ်ငန်းသုံးခုက အချိန်တိုင်း ပြောင်းလဲနေမှာ ဖြစ်သည် ။ ထိုလုပ်ငန်း သုံးခုထဲက ကြိုက်ရာတစ်ခုကို ရွေးချယ်လုပ်နိုင်၏။ လုပ်ငန်းပြီးဆုံး သွားသည့်အခါ ထိုလုပ်ငန်းရဲ့ အခြေအနေပေါ် မူတည်ပြီး ဆုကိုရရှိမှာ ဖြစ်သည် ။ လုပ်ငန်းပြီးဆုံးသွားတာနဲ့ လုပ်ငန်းဝင်ရောက် လုပ်ဆောင်ရသည့် ဝင်ပေါက်က ချက်ချင်းပင်

အသစ်ပြန်ဖြစ် သွားမှာ ပင်)

လူကျိုးတစ်ယောက် ဒါတွေကို ဖတ်ရင်း ဘယ်လိုမျက်နှာ အမူအရာ ထားရမည်မှန်းပင် မသိတော့။

သူသိထားတဲ့ အသုံးမဝင်ဘူး ဆိုတဲ့ သင်္ချာဘာသာရပ်က ဒီစနစ်ရဲ့ ပြောပြချက် အရသာဆိုရင် အခြားဘာသာရပ်တွေ အားလုံးရဲ့ ဖခင်ကြီးလို ဖြစ်နေသည် ။ သူဆွံ့အလွန်းလို့ ခံစားချက်တွေကလည်း ရှုပ်ထွေးလာခဲ့ပြီ။

လူကျိုးကို နောက်ထပ် ဆွံ့အစေသေးသည့် တစ်စုံတစ်ရာကလည်း ထပ်မံ ပေါ်ထွက်လာပြန်သည် ။

ထိုအချက်အလက် ဆိုင်ရာ လေးထောင့်ကွက်လေး ပျောက်ကွယ်သွားတာနဲ့ သူ့ပင်ကို လက္ခဏာဆိုင်ရာ လေးထောင့်ကွက်လေးက ချက်ချင်း ထွက်ပေါ်လာခဲ့သည် ။

(အဆင့်မြင့် နည်းပညာစနစ် ...

အသုံးပြုသူ ... လုကျိုး

အမြုတေသိပ္ပံ ...

A . သင်္ချာဘာသာရပ် ... အဆင့်(၀) (၀/၁၀၀၀) B.ရူပဗေဒ ... အဆင့်(၀) (၀/၁၀၀၀)

C. ဇီဝဗေဒ ... အဆင့်(၀) (၀/၁၀၀၀)

D. စက်မှုလက်မှု ပညာ ... အဆင့်(၀) (၀/၁၀၀၀)

E. ရုပ်ဝတ္ထုသိပ္ပံ ... အဆင့်(၀) (၀/၁၀၀၀)

F. စွမ်းအင်သိပ္ပံ ... အဆင့်(၀) (၀/၁၀၀၀) G. အချက်အလက်သိပ္ပံ ...

အဆင့်(၀) (၀/၁၀၀၀)

နည်းပညာ အကိုင်းအခက် ... မရှိ

စက်မှုလက်မှု အသေးစိတ် စီမံချက် ... မရှိ

အထွေထွေအမှတ် သုည

လုပ်ငန်း ... မရှိ)

"ငါက (A)ခန်းက ကျောင်းသား တစ်ယောက်တော့ မဟုတ်ဘူး ။ ငါက တက္ကသိုလ် တစ်ခုလုံးက အတော်ဆုံးကျောင်းသား တစ်ယောက်လည်း မဟုတ်ဘူး ။ ဒါပေမဲ့ကွာ ဒီလောက်များ နေတဲ့ သုညတွေက နည်းနည်းတော့ စော်ကားသလို ဖြစ်မနေဘူးလား"

လုကျိုး ထိုအတန်းလိုက် ဖြစ်နေတဲ့ သုညတွေကို ကြည့်ရင်း ရယ်ရမလား ငိုရမလားပင် မသိတော့ချေ။

ဒီစနစ်က အမှားလုပ်တာပဲ ဖြစ်မယ်။

သူ ထိုသို့တွေးနေစဉ်တွင် သူ့ပခုံးတွေက တသိမ့်သိမ့် တုန်ခါလာခဲ့သည် ။ နောက် သူ့ရဲ့ အသိစိတ်တွေ အားလုံးက ထိုဖြူဖွေးနေခဲ့သည် ကြားခံနယ် နယ်မြေမှာ ချက်ချင်းဆွဲထုတ် ခံလိုက်ရတော့သည် ။

***